

# သီးနှံဈေးကွက်လေ့လာချက်

## (ဇွန်–ဩဂုတ်၊ ၂၀၂၁)

**မြန်မာ့စိုက်ပျိုးရေးကွန်ရက် (MAN)**

## မာတိကာ


နောက်ခံအခြေအနေ ....................................................................2

အသုံးပြုခဲ့သည့် နည်းလမ်း ....................................................................3

သီးနှံအချို့၏ ဈေးနှုန်းအတက်အကျများ (ဇွန်၊ ဇူလိုင်၊ ဩဂုတ် ၂၀၂၁) ...........4

ဈေးနှုန်း သုံးသပ်ချက် ....................................................................5

တွေ့ရှိချက်များ ....................................................................7

ဖြစ်နိုင်သည့် အဖြေနည်းလမ်းများ ....................................................................13

## နောက်ခံအခြေအနေ

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍမှာ အလားအလာကောင်းများစွာ ရှိသော်လည်း အခြေခံအဆောက်အအုံလိုအပ်ချက်များ၊ ရင်းနှီးမြှုပ်နှံမှု နည်းပါးခြင်းများမှသည် ဈေးကွက်အခက်အခဲအထိ အခက်အခဲ အဟန့်အတားပေါင်းများစွာ ရှိနေသည်။ အဆိုပါ အလားအလာ ကောင်းများကို အကောင်အထည်ဖော်ရန် ကြိုးပမ်းမှုများမှာလည်း ၂၀၂၀ ခုနှစ်မှ စတင်ဖြစ်ပွားလာသည့် ကိုဗစ်–၁၉နှင့် ၂၀၂၁ခုနှစ် အတွင်း ပြင်းထန်သော ကိုဗစ်တတိယလှိုင်းနှင့်အတူ နိုင်ငံရေး အခြေအနေများကြောင့် ထင်သလောက် ခရီး မပေါက်ခဲ့ပေ။ ၂၀၂၁ခုနှစ် ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လတို့တွင် ကပ်ရောဂါနှင့် နိုင်ငံရေး အခြေအနေတို့ကြောင့် ဘဏ်စနစ် အခက်အခဲ၊ သယ်ယူပို့ဆောင်ရေးအခက်အခဲ၊ ဈေးကွက် မရခြင်း၊ ချေးငွေမရခြင်း၊ စိုက်ပျိုးရေးသွင်းအားစုများ ရရှိရန် အခက်အခဲများ ပေါ်ပေါက်ကာ စိုက်ပျိုးရေးဈေးကွက်နှင့် နိုင်ငံ့စီးပွားရေးအပေါ် သက်ရောက်မှု ရှိခဲ့သည်။

မြန်မာ့စီးပွားရေးမှာလည်း အကျဘက်သို့ ဦးတည်နေသည်။ ၂၀၂၁ ခုနှစ်တွင် ၁၈ ရာခိုင်နှုန်း စီးပွားရေး ကျဆင်းမည်ဟု ကမ္ဘာ့ဘဏ်က ခန့်မှန်းထားသကဲ့သို့ အလုပ်အကိုင် တစ်သန်း ဝန်းကျင် ဆုံးရှုံးကာ၊ ဆင်းရဲမွဲတေမှုခံစားနေရသော လူဦးရေးသည်လည်း ၂၀၂၂ ခုနှစ်တွင် ၂၀၁၉ ခုနှစ်ကထက် နှစ်ဆမျှ များပြားလာနိုင်သည်ဟု ခန့်မှန်းထားသည်။[1] ဇူလိုင်လ အတွင်းကလည်း အခြေခံစားသောက် ကုန်ဈေးနှုန်းများသည် မြို့ကြီးများတွင် မြင့်တက် ခဲ့သကဲ့သို ဆေးဝါး ဈေးနှုန်းများလည်း အဆမတန် မြင့်တက်ခဲ့သည်။ တစ်ဖက်တွင်တော့ လယ်သမားများမှာ supply chain ပြတ်တောက်မှုများကြောင့် ဈေးကောင်းမရခဲ့ပေ။ ထို့အပြင် စိုက်ပျိုးရေး သွင်းအားစုဈေးနှုန်းများ မှာလည်း နှစ်ဆခန့် မြင့်တက်ခဲ့သည့်အပြင် ယခင်နှစ်များကဲ့သို့လည်း သီးနှံပေါ်ပေး အကြွေးဖြင့် ဝယ်ယူ၍ မရနိုင်ဘဲ ဖြစ်နေခဲ့သည်။

ဤအခြေအနေတွင် စိုက်ပျိုးရေး ကဏ္ဍအတွင်း တာဝန်ရှိသူများအနေဖြင့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အခြေခံစဉ်းစားစရာအချက်များအဖြစ် အသုံးပြု နိုင်ရန်ရည်ရွယ်လျက် MAN အနေဖြင့် စိုက်ပျိုးရေးကဏ္ဍ ကွင်းဆက်အတွင်း အထူးသဖြင့် ဆန်၊ ပဲ၊ ကော်ဖီ၊ ကြက်သွန်နီနှင့် လက်ဖက်ကဏ္ဍတို့တွင် ပေါ်ပေါက်နေသော အခက်အခဲများကို ဖော်ထုတ်တင်ပြရန် ဆုံးဖြတ်ခဲ့ပါသည်။

ဤစာတမ်းမှာ ဈေးကွက် အခြေအနေများနှင့် ပတ်သက်၍ MANက ပြုစုခဲ့သော ဒုတိယမြောက် ဈေးကွက်လေ့လာချက် (RMA)ဖြစ်သည်။ (ပထမအကြိမ် RMA ကို ICCO၊ AgriProFocus တို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး အင်္ဂလိပ် and မြန်မာ နှစ်ဘာသာလုံးဖြင့် ဖတ်ရှုနိုင်ပါသည်)

[1] World Bank

### အချက်အလက်များ

- **၁၈ %**
  (စီးပွားရေးလျော့ကျမည်ဟု ခန့်မှန်းထား)
- **၁ သန်း**
  (အလုပ်အကိုင် ဆုံးရှုံးနိုင်)
- **၃ သန်း**
  (လူသားချင်း စာနာထောက်ထားမှု အကူအညီ လိုအပ်နေ)
- **၂၅ သန်း**
  (၂၀၂၂ ခုနှစ်တွင် တိုင်းပြည် လူဦးရေထက်ဝက် ဆင်းရဲမွဲတေမှု ခံစားရနိုင်)
- **၂၂၀,၀၀၀**
  (ဖေဖော်ဝါရီ ၁ ရက်နောက်ပိုင်း ရွှေ့ပြောင်းနေထိုင်နေရသည့် လူဦးရေ)
- **၇၀,၀၀၀ ဧက**
  (ရေကြီးနစ်မြုပ်ခဲ့သည့် စိုက်ဧကပေါင်း)

ရင်းမြစ်: UNHCR, UNOCHA, UNDP, WFP, World Bank, ECHO, EU


## အသုံးပြုခဲ့သည့် နည်းလမ်း

မြန်မာ့စိုက်ပျိုးရေးကွန်ရက် (MAN)သည် ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ရှိ စပါး၊ ပဲ၊ ကြက်သွန်ဖြူ/နီ၊ လက်ဖက်၊ ကော်ဖီ တန်ဖိုးကွင်းဆက် (value chain)အတွင်းရှိ တောင်သူများ၊ ကုန်သည်များ၊ ပို့ကုန်လုပ်ငန်းရှင်များ၊ ကုန်စည်ဒိုင်များ၊ သွင်းအားစုလုပ်ငန်းရှင်များ အပါအဝင် စိုက်ပျိုးရေးကဏ္ဍအတွင်းရှိ ပါဝင် ဆက်နွယ်နေသူများကို အင်တာဗျူးလုပ်ခဲ့ပါသည်။ စိုက်ပျိုးရေး ကဏ္ဍအတွင်း ကြုံတွေ့နေရသည့် အခက်အခဲများ၊ အခြေအနေများနှင့် အနာဂတ် အလားအလာများအကြောင်းကို မေးမြန်းခဲ့ပါသည်။ လက်ရှိ ကပ်ရောဂါဖြစ်ပွားမှုအနေအထားများကြောင့် MAN အနေဖြင့် ဖုန်းဖြင့်သာ အင်တာဗျူးလုပ်နိုင်ခဲ့ပါသည်။

ဈေးနှုန်းများကို ခွဲခြမ်းစိတ်ဖြာ လေ့လာနိုင်ရန်အတွက် ကုန်စည်ဒိုင်များ ပိတ်ထားသည့် ဇူလိုင်နှောင်းပိုင်းမှ လွဲ၍ ၂၀၂၁ ခုနှစ် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လအတွင်းတွင် ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းများကို နှစ်ပတ်ခြားနှုန်းဖြင့် ကုန်စည်ဒိုင်ဈေးနှုန်းများကို စုစည်းခဲ့ပါသည်။ သို့သော် စာမျက်နှာ အရေအတွက် လျှော့ချရန်အတွက် ဘုရင့်နောင် ကုန်စည်ဒိုင်ဈေးနှုန်းကိုသာ တင်ပြထားပါသည်။ (အသေးစိတ်ဈေးနှုန်းများကို ဤနေရာတွင် ကြည့်နိုင်ပါသည်)




# သီးနှံအချို့၏ ဈေးနှုန်းအတက်အကျများ (ဇွန်၊ ဇူလိုင်၊ ဩဂုတ် ၂၀၂၁)





| | 11-Jun | 25-Jun | 9-Jul | 30-Jul | 13-Aug | 27-Aug |
|---|---|---|---|---|---|---|
| Rice (Shwebo) | 50000 | 50000 | 50000 | 50000 | 51000 | 52000 |
| Rice (Myaungmya) | 40000 | 40000 | 40000 | 40000 | 45000 | 47000 |
| Rice (Emahta) | 23000 | 23000 | 23000 | 23000 | 22000 | 22000 |
| Rice (Phyarbone) | 39000 | 39000 | 39000 | 39000 | 42000 | 43000 |

*တစ်တင်းခွဲအိတ် တစ်အိတ်ဈေးနှုန်း*




| | 11-Jun | 25-Jun | 9-Jul | 20-Jul | 13-Aug | 27-Aug |
|---|---|---|---|---|---|---|
| Chick pea | 1535 | 1535 | 1670 | 1670 | 2000 | 2000 |
| Corn | 640 | 690 | 695 | 695 | 690 | 690 |
| Onion | 375 | 475 | 575 | 400 | 475 | 475 |
| Garlic | 1800 | 1950 | 1950 | 1950 | 3200 | 3200 |

*တစ်ပိဿာဈေးနှုန်း*




| | 11-Jun | 25-Jun | 9-Jul | 20-Jul | 13-Aug | 27-Aug |
|---|---|---|---|---|---|---|
| Urad (FAQ) | 1100000 | 1105000 | 1130000 | 1137500 | 1300000 | 1331000 |
| Urad (SQ) | 1235000 | 1235000 | 1280000 | 1292500 | 1565000 | 1571000 |
| Pigeon Pea | 1082500 | 1092500 | 1130000 | 1120000 | 1190000 | 1310000 |

*တစ်တန်ဈေးနှုန်း*

## ဈေးနှုန်း သုံးသပ်ချက်

အထက်ပါဈေးနှုန်းများမှာ ရန်ကုန်ရှိ ဘုရင့်နောင်ကုန်စည်ဒိုင်မှ ရယူထားသော ဈေးနှုန်းများဖြစ်သည်။ (အခြားသော ကုန်စည်ဒိုင်များရှိ ဈေးနှုန်းများကို ဤနေရာတွင် ကြည့်ရှုနိုင်သည်) ကုန်စည်ဒိုင်တစ်ခုနှင့် တစ်ခုအကြား ဈေးနှုန်းကွာခြားချက်မှာ သုည ဒသမ၂ ရာခိုင်နှုန်းမှ ၁ ရာခိုင်နှုန်းအထိ ရှိပြီး ကုန်စည်ဒိုင်တစ်ခုနှင့်တစ်ခု ချိန်တွယ်သည့် နှုန်းထားလည်းမတူပေ။ ဥပမာအားဖြင့် ဘုရင့်နောင် ကုန်စည်ဒိုင်သည် ကုလားပဲကို ပိဿာနှုန်းဖြင့် ချိန်တွယ် အရောင်းအဝယ်လုပ်ပြီး မတ်ပဲကိုတော့ တန်ဖြင့်ဈေးနှုန်းသတ်မှတ်ထုတ်ပြန်သည်။ မန္တလေးကုန်စည်ဒိုင်ကတော့ ကုလားပဲရော၊ မတ်ပဲပါ ပိဿာ၆၀ နှုန်းဖြင့် ဈေးနှုန်းထုတ်ပြန်သည်။ ပခုက္ကူ ကုန်စည်ဒိုင်တွင်တော့ ကုလားပဲနှင့် ပဲစင်းငုံကို တစ်တင်းဈေးနှုန်းဖြင့် ထုတ်ပြန်သည်။ ကုန်စည်ဒိုင်ပေါက်ဈေးနှင့် လယ်သမားများ ရောင်းဈေးအကြား ၁ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းအထိ ကွာခြားမှုရှိပြီး ထိုထက်ဈေးနှုန်း ကွာခြားသည်များလည်း ရှိသည်။

အထက်ပါဇယားသုံးခုတွင် တူညီနေသည့်အချက်မှာ ဩဂုတ်လတွင် ဈေးနှုန်းများ တက်သွားခြင်းပင်ဖြစ်သည်။ ဇူလိုင်လတွင် မြန်မာနိုင်ငံမှာ ကိုဗစ်–၁၉ တတိယလှိုင်းနှင့် ရုန်းကုန်နေခဲ့ရပြီး ရောဂါပိုး ထိန်းချုပ်ရေးအစီအမံများ၊ မြို့တော်တော်များများ lockdown ချခြင်းများ ပြုလုပ်ခဲ့သည်။ ကုန်စည်ဒိုင် တော်တော်များများမှာလည်း ဇူလိုင်လ ၂၀ ရက်နေ့မှစတင်က ဩဂုတ်လဆန်းပိုင်းအထိ ပိတ်ထားခဲ့ရသဖြင့် ကုန်စည်ဒိုင်ပြန်ဖွင့်သည့်အခါ ဈေးတက်လာခြင်းဖြစ်သည်။ ကုန်စည်ဒိုင်များ ပိတ်ထားသဖြင့် သီးနှံဝယ်လိုအား ကျဆင်းခဲ့သော်လည်း စားသုံးသူများအတွက်တော့ ကုန်ဈေးနှုန်းများ မြင့်တက်ခဲ့သည်။ ထို့အပြင် ကျပ်ငွေဈေးကျခြင်း၊ ဒေါ်လာဈေးမာနေခြင်းကြောင့်လည်း ကုန်ဈေးနှုန်းများ မြင့်တက်ခဲ့သည်။

လက်ရှိတွင်လည်း စိုက်ပျိုးရေး ဈေးကွက်မှာ နိုင်ငံရေး မတည်ငြိမ်မှုများ၊ ကိုဗစ်–၁၉ ကာကွယ်ရေးအစီအမံ များနှင့် ရုန်းကန်နေရဆဲ အနေအထားတွင် ရှိနေပါသည်။ ဥပမာအားဖြင့် ဇွန်လ ပထမအတွင်းက မြန်မာနိုင်ငံမှ ကုန်တင်ကားများသည်

တရုတ်–မြန်မာ နယ်စပ်ကုန်သွယ် ရေးဂိတ်များ၊[2] မြန်မာ–ဘင်္ဂလားဒေ့ရှ် နယ်စပ်ဂိတ်များ[3]တွင် ပိတ်မိခြင်းများ ဖြစ်ပေါ်ခဲ့ကာ ကုန်ကျစရိတ် ကြီးမြင့် လာခဲ့သည်။ ပိုဆိုးသည်မှာ မြန်မာနိုင်ငံ၏ အဓိက ကုန်သွယ်ဖက် နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံက နယ်စပ်ကုန်သွယ်ရေးဂိတ် သုံးခုကို ပိတ်ခဲ့ရာ ကုန်တင်ကားပေါင်း ထောင်ချီကာ ပိတ်မိခဲ့သည်။ ထိုကဲ့သို့ တရုတ်ဘက်က ပိတ်လိုက်ခြင်းကြောင့် ကြက်သွန်ဖြူ (ကြူကုတ်)ဈေးနှုန်းမှာ ယခင်က တစ်ပိဿာလျှင် ၁၈၀၀ ကျပ်ရှိခဲ့ရာမှာ ကျပ် ၃၂၀၀ အထိ မြင့်တက်ခဲ့သည်။[4] ဤသို့ ဈေးမြင့်တက်ရခြင်းမှာ တရုတ်နိုင်ငံမှ တင်သွင်းလာသည့် ကြက်သွန်ဖြူများ ပြည်တွင်းဈေးကွက်အတွင်းသို့ ဆက်မဝင်လာတော့သော ကြောင့် ဖြစ်သည်။ သို့သော် ကြက်သွန်နီဈေးကတော့ ဒုတိယနှစ်မြောက် ဈေးနှုန်းကျဆင်းခြင်းနှင့် ကြုံတွေ့နေရ သည်။ စားသုံးသူများ အနေဖြင့် ကုန်စည်ဒိုင်ဈေးနှုန်း ကျပ်၅၀၀–၆၀၀၊ လက်လီ ဈေးနှုန်း ကျပ် ၈၀၀ အထိ ပေး၍ စားသုံးနေရသော်လည်း လယ်သမားများမှာ တစ်ပိဿာလျှင် ကျပ် ၃၀၀ အထိသာ ဈေးနှုန်းရနေသည်။ ပဲဈေးများ၊ အထူးသဖြင့် မတ်ပဲနှင့် ပဲစင်းငုံဈေးနှုန်းတို့မှာ အိန္ဒိယနိုင်ငံဘက်မှ အဝယ်လိုက်နေသောကြောင့် ဈေးကောင်းရနေ သည်။ အိန္ဒိယနိုင်ငံကလည်း ပဲလိုအပ်ချက်ကြောင့် ယခင်က ချမှတ်ထားသည့် ပဲတင်းသွင်းခွင့် ကန့်သတ်ချက်များကို ပယ်ဖျက်ထားသည်။

အထက်ပါ ဇယားများတွင် ဩဂုတ်လတွင် ဈေးနှုန်းများ မြင့်တက်လာနေ သည်ကို ပြနေသော်လည်း ဈေးနှုန်းများ မြင့်တက်လာသည့် အချိန်တွင် တောင်သူများမှာ သီးနှံများ ရောင်းချပြီးသား ဖြစ်နေသည်။




[2] DVB Burmese

[3] BETV Business

[4] BETV Business



## တွေ့ရှိချက်များ

ကြုံတွေ့နေရသော အခက်အခဲအများစုမှာ တန်ဖိုးကွင်းဆက်များအကြားတွင် တူညီနေကြကြောင်း တွေ့ရှိရပါသည်။ အခက်အခဲစိန်ခေါ်မှုအများစုမှာ ကပ်ရောဂါကြောင့် ပေါ်ပေါက်လာသည့် အကျိုးဆက်များဖြစ်ပြီး အချို့သော စိန်ခေါ်မှုများကတော့ မကြာသေးခင်က ပေါ်ပေါက်လာသည့် နိုင်ငံရေး အခြေအနေများကြောင့်ဖြစ်သည်။ အောက်တွင် ဖော်ပြထားသည့် အခက်အခဲများမှာ လယ်သမားများ၊ ကုန်သည်များ၊ ကုန်ထုတ်လုပ်ရေး လုပ်ငန်းရှင်များ၊ သွင်းအားစု လုပ်ငန်းရှင်များဖြစ်သည်။



❖**ဘဏ်အခက်အခဲနှင့် ငွေသား ရှားပါးမှု**။ ။ဖေဖော်ဝါရီလ မှ စတင်ပေါ်ပေါက်လာသော နိုင်ငံရေး အခြေအနေများသည် နိုင်ငံဘဏ်လုပ်ငန်းအပေါ် ကြီးမားစွာ သက်ရောက်ခဲ့သည်။ နိုင်ငံရေး အခြေအနေများကြောင့် ဖေဖော်ဝါရီလတွင် ဘဏ်များ ပိတ်ထားခဲ့ရပြီး မတ်လတွင် ဘဏ်အချို့ ပြန်ဖွင့်သော်လည်း ဘဏ်ခွဲတော်တော်များများမှာ ဆက်လက် ပိတ်ထားရဆဲ ဖြစ်သည်။ ဘဏ်များအနေဖြင့်လည်း ပြည်သူများ၏ ငွေသားလိုအပ်ချက်ကို အလုံအလောက် ဖြည့်ဆည်း ပေးနိုင်ခြင်းမရှိဘဲ လူတစ်ဦးလျှင် ATM စက်တွင် ကျပ် နှစ်သိန်း၊ ဘဏ်ခွဲများတွင် ကျပ်ငါးသိန်းအထိသာ

ထုတ်ပေးနိုင်သည်။ ငွေသားရှားပါးမှုပြဿနာမှာ အကြီးအကျယ် ဖြစ်ပွားနေရာ ပြည်သူများအနေဖြင့် ATM မှ ငွေသားထုတ်ယူရန်အတွက် နာရီပေါင်းများစွာ တန်းစီစောင့်ဆိုင်းနေကြရသည်။[5]
ဘဏ်စနစ်အခက်အခဲများ၊ ငွေသားရှားပါးမှုများကြောင့် ကုန်သည်များနှင့် ပွဲစားများက ၎င်းတို့၏ ကုန်ပစ္စည်းဝယ်ယူမှုများကို ချင့်ချိန် ဝယ်ယူလာကြသဖြင့် စိုက်ပျိုးရေးဈေးကွက်မှာ ဖိအားများ ကြုံတွေ့နေရသည်။ ဘဏ်အကောင့်ထဲမှသော်လည်းကောင်း၊ ငွေလွှဲမှုမှလည်းကောင်း ငွေသားထုတ်ယူ၍ မရခြင်းကြောင့် အရောင်းအဝယ်လုပ်ကိုင်ရ ခက်ခဲလာသည်။ ကြိတ်ခွဲစက်ပိုင်ရှင်များ၊ ခြံပိုင်ရှင်များ၊ ကုမ္ပဏီများမှာလည်း ငွေသားရှားပါးသည့်ပြဿနာကို ကြုံတွေ့နေရကာ လစာပေးရန်ပင် ငွေသား အခက်အခဲဖြစ်သည့် အခြေအနေကိုလည်း ကြုံနေရသည်။

---

*“မိုးစပါးက စက်တင်ဘာနှောင်းပိုင်းလောက်ဆို ဈေးကွက်ထဲ အလုံးအရင်းနဲ့ ဝင်လာမှာ။ အဲဒီအခါကျရင် တောင်သူတွေကလည်း ငွေပေါ်ချင်မှာ။ ဒါပေမဲ့ ဆန်စက်တွေ၊ ကုန်သည်တွေကလည်း သူတို့ငွေတွေ ဘဏ်ထဲက ထုတ်မရတဲ့အခက်အခဲရှိတယ်။ ဒီလိုအနေအထားမှာ အစိုးရဘက်က ဝင်ကူပေးရင် လယ်သမားတွေ၊ ဆန်စက်တွေ၊ ကုန်သည်တွေအတွက် အကျိုးရှိမယ်”*

***ရန်ကုန်အခြေစိုက် ဆန်ကုန်သည်တစ်ဦး***

---



❖ **သယ်ယူပို့ဆောင်ရေး အခက်အခဲ။** ။ သယ်ယူပို့ဆောင်ရေး အခက်အခဲများမှာ ၂၀၂၀ ခုနှစ်အစောပိုင်းတွင် မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ စတင်ဖြစ်ပွားစဉ်ကတည်းက ဗဟိုနှင့် ဒေသအစိုးရတို့က ကာကွယ်ရေး အစီအမံများ၊ သွားလာရေး ကန့်သတ်ချက်များ ချမှတ်ခဲ့ခြင်းကြောင့် အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်ခဲ့သည်။ ဒုတိယ လှိုင်းအပြီးတွင် အဆိုပါ စိန်ခေါ်မှုများ လျော့ပါးသွားသော်လည်း တတိယလှိုင်းတွင် ကာကွယ်ရေးအစီအမံများ ပြန်လည်ချမှတ်ရခြင်းကြောင့် ယင်းအခက်အခဲများ ပြန်လည် ပေါ်ပေါက်ခဲ့သည်။

---

[5] New York Times

ရောဂါဖြစ်ပွားမှုကိုလျှော့ချရန်လုပ်ဆောင်သည့် အနေဖြင့် ကုန်စည်ဒိုင်များနှင့် ဆန်စက်များကို သီတင်းပတ်အချို့ ပိတ်ထားခဲ့ရာ ၎င်း၏ သက်ရောက်မှုကို စိုက်ပျိုးရေးကဏ္ဍတစ်ခုလုံး ခံစားခဲ့ရသည်။ သို့သော် သက်ရောက်မှုကတော့ သီးနှံအမျိုးအစားအလိုက် တစ်ခုနှင့် တစ်ခုမတူပေ။ ဥပမာအားဖြင့် ဇူလိုင်လနှောင်းပိုင်းတွင် ဂိုထောင်များနှင့် သကြားစက်များ ပိတ်ထားခြင်းကြောင့် နှစ်ပေါင်းလေးဆယ်အတွင်း သကြားဈေး အမြင့်ဆုံးသို့ရောက်ရှိခဲ့ပြီး[6] ကြက်သွန်နီကဲ့သို့သော် အခြားသီးနှံများကတော့ ဈေးနှုန်းကျဆင်းသည့် သက်ရောက်မှုကို ခံစားခဲ့ရသည်။ ယခုအခါ သယ်ယူပို့ဆောင်ရေးများ အဆင်ပြေလာသော်လည်း ကုန်ကျစရိတ် ကြီးမြင့်နေဆဲဖြစ်သည်။

ကပ်ရောဂါအပြင် ရေကြီးခြင်း၊ နိုင်ငံရေးမတည်ငြိမ်ခြင်း၊ တင်းမာမှုများ မြင့်တက်ခြင်း၊ နယ်စပ်ကုန်သွယ်ရေးဂိတ်များကို တရုတ်ဘက်က ပိတ်ထားခြင်းတို့ကြောင့် ကုန်စည်နှင့် စိုက်ပျိုးရေးထွက်ကုန်စီးဆင်းမှု ထိခိုက်ခဲ့ရသည်။

တစ်ချိန်တည်းတွင်လည်း ပြည်ပသို့ တင်ပို့ရန်အခွင့်အရေးများရှိခဲ့သည်။ ဥပမာအားဖြင့် ယူကေအခြေစိုက် ကုမ္ပဏီတစ်ခုက မြန်မာနိုင်ငံမှ တစ်လလျှင် ထောပတ်သီး ကီလို နှစ်သိန်း၊ သို့မဟုတ် ကွန်တိန်နာ ဆယ်လုံးစာ ဝယ်ယူရန်ကမ်းလှမ်းခဲ့သည်။[7] သို့သော် ဘဏ်ပိုင်းဆိုင်ရာ အခက်အခဲများကြောင့် မြန်မာ့ထောပတ်သီး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းက အဆိုပါ ကမ်းလှမ်းချက်ကို လက်မခံရန်ဆုံးဖြတ်ခဲ့သည်။[8]

> *“ပုံမှန်ကုန်သွယ်မှုကိုတော့ အထူးသဖြင့် အာဆီယံနိုင်ငံတွေနဲ့ ကုန်သွယ်နေပါတယ်။ ဒါပေမဲ့ အီးယူဘက် တင်ပို့ဖို့ကျတော့ ကုန်သေတ္တာငှားဖို့ မလွယ်တာကြောင့် အခက်အခဲတွေတော့ ရှိတယ်။ ကုန်သေတ္တာငှားရမ်းခကလည်း ငါးဆလောက် တက်သွားတော့ အမြတ်အစွန်းရတာနည်းလာတယ်”*
>
> ***ရန်ကုန်အခြေစိုက် ပို့ကုန်လုပ်ငန်းရှင်တစ်ဦး***

[6] Eleven Media

[7] BETV Business

[8] BETV Business



❖ **ဈေးကွက်ရရှိမှုလျော့ကျခြင်း။** ။ ငွေသားရှားပါးမှုနှင့် ဘဏ်ဝန်ဆောင်မှု အခက်အခဲများဖြစ်နေချိန်တွင် သယ်ယူပို့ဆောင်ရေးပြတ်တောက်မှုများက စိုက်ပျိုးရေးထွက်ကုန်များအတွက် ဈေးကွက်ရရှိမှုလျော့ကျခဲ့သည်။ ထို့ကြောင့် ဥပမာအားဖြင့် ကိုဗစ်–၁၉ထိန်းချုပ်ရန်အတွက် တရုတ်ဘက်က နယ်စပ်ဂိတ်များကို ရက်အကန့်အသတ်မရှိ ပိတ်လိုက်သဖြင့် ဖရဲစိုက်တောင်သူများအနေဖြင့် ပြည်တွင်းဈေးကွက်ကိုသာ ရည်ရွယ်၍ စိုက်ပျိုးကြရန် ကုန်သည်များက တိုက်တွန်းခဲ့သည်။ ယခုအခါတွင် တရုတ်ဘက်က ပြန်ဖွင့်ပေးလိုက်ပြီဖြစ်သော်လည်း ထိုသို့ ဖွင့်ပေးခြင်းမှာ ဆေးဝါးအတွက်သာဖြစ်ပြီး ပုံမှန်ကုန်သွယ်မှုများ ပြန်လည် စတင်ရန်အတွက် မဟုတ်ပေ။

၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်အစမှ ၂၀၂၁ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့အထိ နိုင်ငံ၏ စုစုပေါင်း ပို့ကုန်မှာလည်း ပြီးခဲ့သည့် ဘဏ္ဍာနှစ် ကာလတူနှင့်ယှဥ်လျှင် အမေရိကန်ဒေါ်လာ ၂ဒသမ၇ ဘီလီယံ လျော့ကျခဲ့သည်။ သို့သော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကိန်းဂဏန်းများအရတော့ စိုက်ပျိုးရေး ပို့ကုန်များမှာ ကာလတူအတွင်းတွင် အမေရိကန်ဒေါ်လာ ၉၀၀ဒသမ၀၂၁ သန်း တိုးတက်ခဲ့သည်ဟု ဆိုသည်။ ဝန်ကြီးဌာန၏ ကိန်းဂဏန်းများက တိုးတက်သည်ဟုဆိုထားသော်လည်း MAN၏ အင်တာဗျူးတွင် ဖြေဆိုထားကြသည့် စိုက်ပျိုးရေး ပို့ကုန် လုပ်ငန်းရှင်များ၊ လယ်သမားများကတော့ ဝယ်လိုအားကျဆင်း သွားသည်ဟုဆိုကြသကဲ့သို့ သယ်ယူပို့ဆောင်ရေး ပြတ်တောက်မှုများက ၎င်းတို့၏ပြည်ပသို့ တင်ပို့မှုများအပေါ် ရိုက်ခံမှုရှိကြောင်းပြောကြသည်။ ပြီးခဲ့သည့် နှစ်နှစ်ကျော်က ဈေးကောင်းရခဲ့သော ကြက်သွန်များမှာလည်း ယခုအခါတွင် ဈေးကောင်းမရသောကြောင့် လယ်သမားများမှာ အခြားသီးနှံများ ပြောင်းလဲစိုက်ပျိုးရန် စဉ်းစားလာကြသည်။

ကော်ဖီစိုက်ပျိုးသူများ၊ ထုတ်လုပ်သူများ၊ ကုန်သည်များကလည်း ကပ်ရောဂါစဖြစ်ကတည်းက ကော်ဖီဆိုင်များ ပိတ်ရသဖြင့် ကော်ဖီဝယ်လိုအားကျဆင်းသကဲ့သို့ ကမ္ဘာ့ကော်ဖီထုတ်လုပ်မှုကွင်းဆက်မှာလည်း အခက်အခဲများနှင့် ကြုံတွေ့[9]နေရသဖြင့် ကော်ဖီတင်ပို့မှု ထိခိုက်မှုရှိကြောင်းပြောကြသည်။

[9] Bloomberg

*“ဈေးက တစ်ပိဿာကို ကျပ်၂၀၀ ဝန်းကျင်ပဲရှိတယ်။ ရောင်းမထွက်လို့ ပုံနေတဲ့ ကြက်သွန်တွေ အများကြီး။ ဥပမာ ကျွန်တော်ဆိုရင် အိမ်မှာပဲ အချိန် ငါးထောင်လောက်ရှိတယ်။ ပြီးခဲ့တဲ့ နှစ်နှစ်လောက်တုန်းကတော့ ဈေးက ကောင်းခဲ့တာပေါ့။ အခုတော့ ဝယ်မယ့်လူတောင်မရှိဘူး။ အရောင်းအဝယ်မဖြစ်တာ၊ ပြည်ပပို့ကုန်မရှိတာတွေကြောင့်ဖြစ်မယ်လို့ ထင်တယ်။ ကျွန်တော်တို့ ကြက်သွန်တွေ ရောင်းမထွက်တာ ဒါ ဒုတိယနှစ်ပဲ။ မနှစ်တုန်းကတော့ ကြက်သွန် အချိန် ၁၇၀၀၀ လောက်ကို ရောင်းမရလို့ တောင်ကြီးက မိဘမဲ့ကျောင်းကို လှူလိုက်တယ်”*

***ရှမ်းပြည်နယ်မှ ကြက်သွန်ကုန်သည်တစ်ဦး***

### ❖ စိုက်ပျိုးရေးသွင်းအားစုများ ဈေးမြင့်တက်ခြင်း။ ။



ယခုနှစ်တွင် စိုက်ပျိုးရေးသွင်းအားစုများ အထူးသဖြင့် မြေဩဇာဈေးများမှာ ပုံမှန်ထက် နှစ်ဆမျှ မြင့်တက်လာသည်။ သွင်းအားစုဈေးများ မြင့်တက်ခြင်းကြောင့် လယ်သမားများမှာ ၎င်းတို့၏ လယ်ယာများတွင် မြေဩဇာများ လုံလုံလောက်လောက် မသုံးနိုင်ပေ။ MAN က အင်တာဗျူးခဲ့သော လယ်သမားများကတော့ ၎င်းတို့အနေဖြင့် ယခင်နှစ်များက အသုံးပြုခဲ့သည့် ပမာဏ၏ တစ်ဝက်ကိုသာ အသုံးပြုနိုင်တော့ကြောင်း ပြောကြသည်။ ဈေးနှုန်းမြင့်မားသည့်အပြင် မြေဩဇာရောင်းချသူများကလည်း ငွေသားရှားပါးခြင်း၊ ပြန်လည်ရရှိရန် မသေချာခြင်းတို့ကြောင့် မြေဩဇာများကို ယခင်ကလို သီးနှံပေါ်ပေးစနစ်ဖြင့် ဝယ်ယူ၍ မရနိုင်တော့ကြောင်း သိရသည်။

MANက အင်တာဗျူးခဲ့သော စိုက်ပျိုးရေးသွင်းအားစုလုပ်ငန်းရှင်များကတော့ ဈေးကွက်အတွင်းတွင် သွင်းအားစု အလုံအလောက်ရှိနေကြောင်း၊ ယခုကဲ့သို့ ဈေးမြင့်တက်ခြင်းမှာ ဒေါ်လာဈေးမာနေခြင်း၊ သယ်ယူပို့ဆောင်ခ မြင့်မားခြင်း၊ မြန်မာနိုင်ငံသို့ ဦးတည်သည့် သင်္ဘောရှားခြင်း၊ တစ်ဖက်ရောင်းသည့်ဘက်မှ လက်ငင်းငွေချေစနစ်ဖြင့်တောင်းခြင်းတို့ကြောင့်ဖြစ်သည်ဟု ဆိုကြသည်။ ယခုနှစ် ဇန်နဝါရီလတွင် မြေဩဇာဈေးနှုန်းမှာ တစ်အိတ်လျှင် ၂၀၀၀၀ကျပ်မှ ၂၅၀၀၀ ကျပ်အထိ ရှိခဲ့ရာမှာ ဩဂုတ်လတွင် ကျပ် ၄၀၀၀၀ မှ ၅၀၀၀၀ ကျပ်အထိ ရှိလာခဲ့သည်။

*‘မြေသြဇာဈေးနှုန်းက ဖြေလကတည်းက ဆက်တိုက်တက်နေတာ။ အခု ကျွန်တော်တို့ လယ်သမားတွေ သုံးဖို့လိုလာတဲ့အခါမှာ နှစ်ဆဖြစ်လာပြီ။ ဈေးနှုန်းက နှစ်ဆတက်လာတော့ တောင်သူတွေက အရင် တစ်အိတ်သုံးရင် အခု တစ်ဝက်ပဲ သုံးနိုင်တော့တယ်။ ဒီတော့ အရင်နှစ်တွေကထက် အထွက်နှုန်းကျနိုင်တယ်။ ပြီးတော့ အရင်နှစ်တွေက အကြွေးနဲ့ ဝယ်လို့ရတယ်။ (သီးနှံပေါ်ပေး) ဒါပေမဲ့ အခု ဘယ်သူမှ အကြွေးမရောင်းတော့ဘူး။ ကျွန်တော်နဲ့ အရမ်းရင်းနှီးတဲ့လူတွေကတောင် အကြွေးနဲ့မဝယ်ပါနဲ့လို့ တောင်းပန်ကြတယ်”*

***ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်မှ လယ်သမားတစ်ဦး***



❖ **ချေးငွေ။** ။ ဘဏ်ဝန်ဆောင်မှု အခက်အခဲများ၊ ငွေသား ရှားပါးမှုများကြောင့် လယ်သမားများအတွက် ချေးငွေရရှိမှု နည်းပါးလာသည်။ ထို့အပြင် နိုင်ငံရေးယုံကြည်မှုများကြောင့် အချို့သော လယ်သမားများမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများကို ပြန်မပေးဆပ်သေးရန် ဆုံးဖြတ်ထားကြသည်။ အရစ်ကျချေးငွေဖြင့် စက်ပစ္စည်းများဝယ်ယူထားသည့် လယ်သမားများမှာလည်း ၎င်းတို့၏ လက်ဝတ်ရတနာများကို ပေါင်နှံရောင်းချကာ ချေးငွေဆပ်နေကြသည် ဟုဆိုသည်။





## ဖြစ်နိုင်သည့် အဖြေနည်းလမ်းများ

- **အခြေခံဈေးနှုန်းသတ်မှတ်ခြင်း။** ။မြန်မာနိုင်ငံတွင် လက်ရှိအချိန်အထိ စပါးအတွက်သာ အခြေခံ ဈေးနှုန်းသတ်မှတ်ရသေးသည်။ အခြားသော သီးနှံများအတွက်လည်း ထိုကဲ့သို့ အခြေခံဈေးနှုန်း သတ်မှတ်ပေးရန် လိုအပ်သည်။ ဇွန်လအတွင်းကတော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ကြက်သွန်အတွက် အခြေခံဈေးနှုန်း သတ်မှတ်ရန် အစည်းအဝေးကျင်းပခဲ့သော်လည်း[10] ယခုအချိန်အထိတော့ အခြေခံဈေးနှုန်း မထုတ်ပြန်သေးပေ။

| **နှစ်** | **၂၀၁၈** | **၂၀၁၉** | **၂၀၂၀** | **၂၀၂၁** | **၂၀၂၂** |
|---|---|---|---|---|---|
| **အခြေခံဈေးနှုန်း (စပါး)** | ၅၀၀၀၀၀ | ၅၂၀၀၀၀ | ၅၂၀၀၀၀ | ၅၂၀၀၀၀ | ၅၆၀၀၀၀ (အဆိုပြု) |

အခြေခံဈေးနှုန်းသတ်မှတ်ခြင်းက လယ်သမားများအတွက် အနိမ့်ဆုံးဈေးရရှိရေးအာမခံချက်ပေးသည့် စနစ်တစ်ခုပေးကာ ဈေးကစားခြင်းကိုလည်း ကာကွယ်နိုင်သည်။

---

[10] https://www.mrtv.gov.mm/mm/news-114336

❖ **အကျိုးတူလယ်ယာစနစ်။** ။အကျိုးတူလယ်ယာစနစ်မှာ မြန်မာနိုင်ငံတွင် ပြီးခဲ့သည့် နှစ်အနည်းငယ် အတွင်းကမှ မိတ်ဆက်လာခဲ့သည့် စနစ်တစ်ခုဖြစ်ပြီး တစ်နိုင်ငံလုံးလွှမ်းခြုံသည့် အကျိုးတူလယ်ယာစနစ် ဥပဒေလည်း မပြဋ္ဌာန်းရသေးပေ။ သို့သော် ၂၀၂၀ ခုနှစ် အစောပိုင်းကတော့ အကျိုးတူလယ်ယာစနစ် အတွက် Standard Operating Procedures (SOP)တစ်ခုထုတ်ပြန်ခဲ့သည်။ ဒေသအဆင့်တွင်တော့ ပဲခူးတိုင်းဒေသကြီးတွင် အကျိုးတူလယ်ယာစနစ်ဥပဒေကြမ်းကို ရေးဆွဲထားသည်။ တစ်နိုင်ငံလုံးအတိုင်း အတာနှင့် အကျိုးတူလယ်ယာစနစ်အကောင်အထည်ဖော်ရေးအတွက် အဓိက စိန်ခေါ်မှုတစ်ရပ်မှာ အငြင်းပွားမှုဖြေရှင်းရန်အတွက် တိကျသေချာသော စည်းမျဉ်းများမရှိခြင်းပင်ဖြစ်သည်။ လယ်သမားများကို ငွေကြေးအရ အကူအညီဖြစ်စေနိုင်သည့် အကျိုးတူလယ်ယာစနစ်အောင်မြင်ရန် အတွက်ဆိုလျှင် အသိပညာပေးလှုပ်ရှားမှုများ၊ ယုံကြည်မှုတည်ဆောက်ရေးလုပ်ရှားမှုများ၊ တိကျရှင်းလင်း သော ဥပဒေ စည်းမျဉ်းများ လိုအပ်နေသည်။

❖ **ဈေးကွက်ရှာဖွေခြင်းနှင့် ဖန်တီးခြင်း။** ။လယ်သမားအစုအဖွဲ့များ၊ အသင်းအဖွဲ့များအနေဖြင့် ဈေးကွက်ရှာဖွေခြင်းများ၊ မိမိတို့ ထုတ်ကုန်များရောင်းချ အရောင်းမြှင့်တင်ရန်အတွက် ရှိပြီးသား ဒီဂျစ်တယ် ပလက်ဖောင်းများကို ထိရောက်စွာ အသုံးချခြင်းများ ဆောင်ရွက်သင့်ပါသည်။ ထုတ်လုပ် သည့်နေရာမှ ဈေးကွက်အထိ supply ကွင်းဆက်တစ်ခုလုံးကို လယ်သမားအစုအဖွဲ့များ၊ ဒေသ အသင်းအဖွဲ့များ ကိုယ်တိုင် စီမံခန့်ခွဲနိုင်အောင် ဆောင်ရွက်ပေးသင့်ပါသည်။ စိုက်ပျိုးရေး ထုတ်ကုန်များကို အနီးဝန်းကျင် စားသုံးသူများအပြင် တစ်နိုင်ငံလုံးသို့ ရောင်းချ၊ ပို့ဆောင်ပေးခြင်းတို့ကဲ့သို့သော ဈေးကွက် ရှာဖွေရေးအခြေပြု ဒေသဆိုင်ရာ အစုအဖွဲ့များ တည်ထောင်ခြင်းက supply ကွင်းဆက်ကို တိုတောင်း စေခြင်းဖြင့် ထုတ်လုပ်သူနှင့် စားသုံးသူနှစ်ဖက်စလုံးကို အကျိုးရရှိစေနိုင်သည်။

❖ **နည်းပညာဆိုင်ရာ အကူအညီများ။** ။ စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများ(GAP)စနစ်ဖြင့် သီးနှံစိုက်ပျိုးခြင်းမှသည် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းအထိ နည်းပညာဆိုင်ရာအကူအညီများ ပေးခြင်းက လယ်သမားများ၏ ကုန်ထုတ်လုပ်မှုနှင့် ဝင်ငွေ တိုးတက်စေသည့်အပြင် ကမ္ဘာ့ဈေးကွက်တွင် တင်နိုင်သည့် အရည်အသွေးမြင့် ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်စွမ်းရှိစေမည်ဖြစ်သည်။

❖ **ရင်းနှီးမြှုပ်နှံမှုများ။** ။ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးကဏ္ဍသည် ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှု အနည်းဆုံး ကဏ္ဍဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးရေးကဏ္ဍအတွင်း ရင်းနှီးမြှုပ်နှံမှုပိုမိုဝင်ရောက်ခြင်းက မြန်မာ့ စိုက်ပျိုးရေးကဏ္ဍကို တိုးတက်စေကာ လယ်သမားများကို အကူအညီဖြစ်စေသည်။ အခွန်သက်သာခွင့်များပေးခြင်းကလည်း စိုက်ပျိုးရေးကဏ္ဍအတွင်းသို့ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက် လာစေနိုင်သည်။

- **စိုက်ပျိုးရေးသွင်းအားစုများတင်သွင်းခွင့်ပါမစ်အတွက် လုပ်ထုံးလုပ်နည်းဖြေလျှော့ခြင်း။ ။**

  စိုက်ပျိုးရေးသွင်းအားစု သွင်းကုန်လုပ်ငန်းရှင်များမှာ စိုက်ပျိုးရေးသွင်းအားစု တင်သွင်းခွင့်ပါမစ်ရရှိရေးအတွက် စောင့်ဆိုင်းရချိန်ကြာခြင်း၊ လုပ်ထုံးလုပ်နည်းလုပ်ငန်းစဉ် များခြင်းတို့ကို မကြာခဏပင် ငြီးတွားကြပါသည်။ ပါမစ်ရရှိရန် လုပ်ထုံးလုပ်နည်းများလျှော့ချခြင်းဖြင့် သွင်းအားစု supplyကို တိုးမြှင့်ကား ဈေးနှုန်းများ လျှော့ချနိုင်မည်ဖြစ်သည်။

ဤ RMA မှာ မြန်မာ့စိုက်ပျိုးရေးကွန်ရက် (MAN)၏ ဈေးကွက်အကဲဖြတ်မှုစီးရီးမှ အစီရင်ခံစာ တစ်စောင်ဖြစ်ပါသည်။ မြန်မာ့စိုက်ပျိုးရေးကွန်ရက် (MAN) နှင့် ပူးပေါင်းဆောင်ရွက်လိုပါက အောက်ပါ ပုဂ္ဂိုလ်များထံ ဆက်သွယ်နိုင်ပါသည်။


**နော်ရိုစီလပ်** *(စီးပွားရေးဖွံ့ဖြိုးမှုမန်နေဂျာ)*

rosy@man-growasia.org

**မင်းသူအောင်** *(ဆက်သွယ်ရေးမန်နေဂျာ)*

minthuaung@man-growasia.org